# မဟာဗျူဟာသုတ် မြန်မာပြန်အကျဉ်းချုပ်

(မဟာသမယ အစည်းအဝေးကြီးသို့ ရောက်လာကြသော နတ်ပြဟ္မာတို့တွင် မောဟစရိုက်များသော နတ်ပြဟ္မာတို့အတွက် ဤမဟာဗျူဟာသုတ်ကို ဟောတော်မူသည်။ အမျိုးမျိုး ကြံစည်စိတ်ကူးကြသဖြင့် ဖြစ်ပေါ်လာသော အယူအဆများကို စုရုံး၍ ဖေါ်ပြပြီးလျှင် ထိုအယူဝါဒတို့၌ စွဲလမ်းခြင်းကင်းပျောက်အောင် ဟောတော်မူသည်။ စူဠဗျူဟာ၊ မဟာဗျူဟာ နှစ်သုတ်လုံးပင် မိစ္ဆာဝါဒများ ကင်းပျောက်အောင် ဟောတော်မူသော သုတ်များဖြစ်သည်။)

**နိမ္မိတရုပ်ပွား ဘုရားမေး။ ။များသောမိစ္ဆာအယူရှိသည့် တယူသန်ဝါဒသမားတို့သည် မိမိတို့၏ အယူသာလျှင် မှန်သည်ဟု တဖက်သတ် ပြောဆိုငြင်းခုံနေကြပါသည်။ ထိုသူတို့၏ အယူအဆ အားလုံးပင် ကဲ့ရဲ့ရှုတ်ချခြင်း ခံရပါသလော။ သို့မဟုတ် တခါတရံ ပညာရှိတို့၏ ချီးမွမ်းမှုကိုလည်း ခံကြရပါသေးသလော။**

**ပကတိဘုရားရှင် ဖြေ။ ။တယူသန်သမားတို့၏ ဝါဒများမှာ တခါတရံ၌ ပညာရှိတို့၏ ချီးမွမ်းခြင်းကို ခံကြရပါ၏။ သို့သော်လည်း အနည်းငယ်မျှသာ ဖြစ်ပါသည်။ ထိုချီးမွမ်းခြင်းခံရသော အချက်တို့သည်ပင် ရာဂစသော မကောင်းမှုတို့ကို ချုပ်ပျောက်ငြိမ်းအေးရန် မစွမ်းနိုင်ကြပါ။**

**မိမိတို့၏ အယူဝါဒကို တယူသန်စွဲလမ်းပြီးလျှင် ငြင်းခုံကြခြင်း၏ အကျိုးသည် အနိုင်အရှုံး စသော ကောင်း, မကောင်း လောကဓံ အကျိုးနှစ်မျိုးသာ ဖြစ်နိုင်သည်။ ငြင်းခုံခြင်း၏အပြစ်ကို သိမြင်ပြီးဖြစ်သော သူတော်ကောင်းတို့သည် ငြင်းခုံခြင်းမှ ရှောင်ရှားပြီးလျှင် ချမ်းသာရာ စင်စစ်ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် ကျင့်ကြံကြသည်။**

**အယူဝါဒကို စွဲမှီ၍ ငြင်းခုံမှုမရှိသော ငါဘုရား၏တပည့်များသည် (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိအယူမှားဝါဒတို့ကို မသုံးသပ်တော့ချေ။ ထို့ပြင် ကောင်းမြတ်သောမင်္ဂလာဟု သမုတ်အပ်သော အဆင်းရူပါရုံစသည့် အာရုံငါးပါးကို ခံစားရရုံမျှဖြင့် ကိလေသာစင်ကြယ်သည်ဟူသော အယူဝါဒအမှားတို့ကိုလည်း မနှစ်သက်တော့ချေ။ အာရုံငါးပါး ခန္ဓာငါးပါးတို့ကို စွဲလမ်းကပ်ငြိခြင်း မရှိတော့ပေ။**

**အချို့သော တယူသန်ဝါဒသမားတို့သည် ရမ်းဆကြ၍ မိမိတို့စိတ်ကူးဖြင့် ထင်ရာမြင်ရာ အလေ့များကို စောင့်ထိန်းမှု "သီလ"ဟု သမုတ်ထားကြသည်။ ထိုတယူသန်ဝါဒသမားတို့က အဝတ်မဝတ်ခြင်း၊ ရေအေး မသောက်ခြင်း စသည်တို့ကို "သီလ"ဟု ခေါ်ဆိုကြသည်။ ထို့ပြင် နွားခွေးစသည်တို့၏ အကျင့်မျိုးကိုလည်း "ဝတ"ဟု ခေါ်ဆိုကြပြန်သည်။ ထိုအလေ့အကျင့်တို့ကို ကျင့်လျှင် ကိလေသာတို့မှ စင်ကြယ်သည်ဟု ယူဆကြသည်။ ထိုအလေ့အကျင့်မျိုးကို မြတ်စွာဘုရား၏ တပည့်သာဝကတို့သည် ပယ်စွန့်ပြီးဖြစ်သည်။**

**အဝတ်မဝတ်ပဲကျင့်မှ ကိလေသာစင်ကြယ်၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်သည်ဟု အယူရှိသူ တိတ္ထိများနှင့် ကောင်းမြတ်သော အဆင်းအသံ စသည့်အာရုံတို့ကို မှီဝဲကြရမှသာ နိဗ္ဗာန်ရနိုင်သည်ဟု အယူရှိသူများ ကိုယ်တိုင်ပင် တဏှာဒိဋ္ဌိ မကင်းပဲနှင့် နိဗ္ဗာန်စကား ပြောနေကြသည်။ စင်စစ်မှာ မိမိတို့ကိုယ်ကို စင်ကြယ်နေပြီဟု ထင်မှတ်နေသူ တိတ္ထိများကား တဏှာမကင်းသေးသည့်အတွက် တွေ့သမျှသော အာရုံတို့၌ တုန်လှုပ်ကြသည်သာ ဖြစ်၏။ စုတိ ပဋိသန္ဓေကင်းပြီးသော ရဟန္တာများမှာမူကား ကာမရာဂ စသည်တို့ဖြင့် တုန်လှုပ်မှု လုံးဝ မရှိတော့ချေ။**

နိမ္မိတရုပ်ပွား ဘုရားမေး။ ။အယူဝါဒတစ်ခုကို အချို့က မှား၏, ယုတ်၏ဟု ပြောဆိုကြသည်။ ထိုအယူကိုပင် အချို့က မှန်၏, မြတ်၏ဟု ပြောဆိုကြပါသည်။ ဤကဲ့သို့ ငြင်းခုံပြောဆိုကြရာ၌ အဘယ်ပုဂ္ဂိုလ်၏ စကားသည် မှန်သောစကား ဖြစ်ပါသနည်း။ ၎င်းတို့အားလုံးကပင် မိမိတို့သည် ပညာရှိသူများ ဖြစ်သည်ဟုလည်း ဝန်ခံပြောဆို နေကြပါသည်။

ပကတိဘုရားရှင် ဖြေ။ ။မိမိ၏ အယူဝါဒသာလျှင် မှန်ကန်ပြည့်စုံသည်ဟု ယူဆ၍ သူတပါးတို့၏ အယူဝါဒကား ယုတ်ညံ့သော အယူဝါဒဖြစ်သည်ဟု ပြောဆိုသူတို့သည် တယူသန်အားဖြင့် ငြင်းခုံသူများသာ ဖြစ်ကြသည်။ မိမိ အယူဝါဒမှတပါး အခြားသူတို့၏ အယူဝါဒအားလုံးသည် မှားယွင်းယုတ်ညံ့၏ဟု တဖက်သတ်ငြင်းခုံသူများသည် မကောင်းမှုအကုသိုလ်တရားကို ပွားများကျူးလွန်ကြခြင်းသာ ဖြစ်သည်။

အယူဝါဒတစ်ခုသည် သူတပါးတို့က ရှုတ်ချကဲ့ရဲ့ကာမျှဖြင့် ယုတ်ညံ့သောအယူဝါဒ ဖြစ်ရမည်ဟုဆိုလျှင် လောက၌ မည်သည့်အယူဝါဒမျှ မြတ်သောအယူဝါဒ ဖြစ်နိုင်တော့မည် မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် တဖက်သတ် တယူသန် ဝါဒသမားတို့သည် သူတပါးတို့၏ အယူဝါဒကို ကဲ့ရဲ့၍ မိမိတို့၏ အယူဝါဒကိုသာ ချီးမွမ်း မြဲ ဖြစ်သောကြောင့်တည်း။

မိမိအယူကို မိမိတို့ ချီးမွမ်းတိုင်းသာ မှန်ကန်မြင့်မြတ်ရမည်ဟု ဆိုလျှင်လည်း လောက၌ အယူဝါဒ အားလုံးပင် မှန်ကန်မြင့်မြတ်သော အယူဝါဒချည်းသာ ဖြစ်ရာသည်။ ထိုသူတို့၏ အယူဝါဒ အသီးသီးတို့၌ ဆင်းရဲ ဒုက္ခမှ အခိုက်အတန့် လွတ်မြောက်ဖွယ်ရာ အကျင့်များနှင့် အသင့်အတင့်မျှ ချီးမွမ်းဖွယ်ရာ အကျင့်များ အနည်း ငယ်စီ ရှိကြသည်။ သို့ရာတွင် ထိုအကျင့်တို့မှာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းများ မဟုတ်ကြချေ။

ရဟန္တာပုဂ္ဂိုလ်၌ (၆၂)ပါးသော မိစ္ဆာအယူဝါဒ စွဲယူမှု မရှိတော့ချေ။ ထို့ကြောင့် အယူဝါဒကို မှီ၍ ငြင်းခုံ ခြင်း, ခိုက်ရန်ဖြစ်ပွားခြင်းတို့ကို ကျော်နင်းလွတ်မြောက်ပြီး ဖြစ်သည်။ ရဟန္တာပုဂ္ဂိုလ်သည် မြတ်စွာဘုရား ဟော ကြားအပ်သော သတိပဋ္ဌာန် အစရှိသည့် ဝဋ်မှထွက်မြောက်ကြောင်း ကောင်းမြတ်သော အကျင့်တရားတို့ကို မျက်မြင်ကိုယ်တွေ့ ဖြစ်ပြီးပြီ။ ထို့ကြောင့် သတိပဋ္ဌာန်စသည်မှ တပါး အခြားသောမိစ္ဆာဝါဒ တရားတို့ကို အမြတ် ထား၍ မရှုတော့ပြီ။

လောကီအဘိညာဏ်ရသော ရသေ့ပရိဗိုဇ်တို့သည် ပရစိတ္တဝိဇာနန အဘိညာဏ်ဖြင့် သူတပါးတို့၏ စိတ်ကိုလည်း သိကြသည်။ ပုဗ္ဗေနိဝါသအဘိညာဏ်ဖြင့် ကမ္ဘာလေးဆယ် တိုင်အောင် ရှေးရှေးဘဝ ဖြစ်စဉ်ကို လည်း သိနိုင်ကြသည်။ ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် လူ့ဘုံ နတ်ဘုံ ငရဲဘုံတို့ကိုလည်း မြင်နိုင်ကြသည်။ ထိုသိမြင်မှု လောကီအဘိညာဏ်တို့ကို စွဲလမ်း၍ ထိုအမြင်တို့ဖြင့် ဘဝသံသရာမှ လွတ်မြောက်စင်ကြယ်နိုင်ပြီဟု မှားမှား ယွင်းယွင်း ပြောဆိုကြသည်။

ထို့ပြင် လောကီအဘိညာဏ်ရသည့် ပုဂ္ဂိုလ်တို့သည် သဿတစသည့် မိစ္ဆာအယူဝါဒတို့၌လည်း သက်ဝင်ယုံကြည်ကြသေးသည်။ အဘိညာဏ်ရှင်ဖြစ်ကြပါလျက် အဘယ့်ကြောင့် မှားမှားယွင်းယွင်း ဆုံးဖြတ်ပြီး လျှင် လွဲမှားစွာ ဘဝလွတ်မြောက်စင်ကြယ်ရေးကို ယုံကြည်ကြပါကုန်သနည်း ဆိုသော် လောကီအဘိညာဏ်ဖြင့် သစ္စာလေးပါးကိုလည်း ပိုင်းခြား၍မသိနိုင်, နာမ်ရုပ်တို့၏ မမြဲသော သဘောတို့ကိုလည်း မသိနိုင်သောကြောင့် ပေတည်း။ လောကီဈာန် အဘိညာဏ်ရရှိနေစဉ် အခိုက်အတန့် အခါကာလအတွင်း ကာမတဏှာ, ဒေါသစသည့် နီဝရဏတရားတို့မှ လွတ်မြောက်စင်ကြယ်၍ မျက်မှောက်ချမ်းသာမှုကို ရနိုင်ပေသည်။ သို့သော်ငြားလည်း ဈာန်

အဘိညာဏ်တို့သည် ကိလေသာတို့ကို အကြွင်းမဲ့ပယ်သတ်၍ သံသရာဘဝမှ အပြီးပိုင် ထွက်မြောက်စင်ကြယ်စေနိုင်သည့် တရားများ မဟုတ်ချေ။

လောကီအဘိညာဏ်ရသော ရသေ့ပရိဗိုဇ်တို့သည် မိမိတို့ အဘိညာဏ်ဖြင့် သိမြင်မှုတည်းဟူသော ဝိသေသဂုဏ်ထူးကို စွဲ၍ ထောင်လွှားပြီးလျှင် မိမိတို့ကြံဆအပ်သော အယူဝါဒကိုသာ တံခွန်စိုက်လျက် ပြိုင်ဘက်မမြင်အောင် မှတ်ထင်တတ်ကြသည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် သင်္ခါရတရားတို့၏ မမြဲသောသဘော အစရှိသည်တို့ကို မျက်မှောက်ထင်ထင် သိမြင်ပြီး ဖြစ်သည်။ ထို့ကြောင့် ရုပ်နာမ်ခန္ဓာတို့ကို တဏှာဖြင့် တပ်မက်နှစ်သက်ခြင်းလည်း မရှိတော့ပြီ။ ငါ, သူတပါး, ယောက်ျား, မိန်းမ စသည်အားဖြင့်လည်း မှားသောကြံစည် စိတ်ကူးမှု မရှိပြီ။ တိတ္ထိတို့၏ အယူဝါဒ (၆၂)ပါးတို့ကိုလည်း အရေးမယူ လျစ်လျူရှုတော့သည်။

ငါဘုရား၏ တပည့်သာဝကဖြစ်သော အရိယာရဟန်းသည် “ငါ့ါအယူသာ မှန်၏၊ သူတပါးအယူတို့ကား အားလုံးမှား၏” စသော တဖက်သတ် အယူဝါဒ အဖွဲ့အထုံးမှ ထွက်မြောက်စင်ကြယ်ပြီး ဖြစ်သည်။ ထို့ကြောင့် ငြင်းခုံနေသူ, ခိုက်ရန်ပြုနေသူ မဟုတ်တော့ပြီ။ ထိုမှတပါး မိမိကိုယ်တိုင်ကလည်း ကိလေသာအပူဘေးမှ ငြိမ်းအေးပြီးဖြစ်၍ အပူဘေးမှ မအေးသေးသော သူတို့ကို ကဲ့ရဲ့သမှု ရန်ဘက်မပြုဘဲ လျစ်လျူရှုနိုင်ကြပေသည်။

အရိယာဖြစ်သောရဟန်းသည် ရုပ်နာမ်ခန္ဓာတို့ကို စွဲ၍ တပ်မက်မှု, စွဲလမ်းမှု, တွေဝေမှုများ မရှိတော့ပြီ။ လောကုတ္တရာ မဂ်ပညာဖြင့် ပြည့်စုံပြီးဖြစ်၍ (၆၂)ပါးသော အယူများ, အမြင်များတို့မှ အလုံးစုံလွတ်မြောက်ပြီး ဖြစ်သည်။ နောင်တ တဖန် ပူပူမှုတို့မှလည်း လွတ်မြောက်စင်ကြယ်ပြီး ဖြစ်ပေပြီ။

(ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမထေရ်၏ မဟာသမယသုတ်များ ပါဠိတော်နိဿယနှင့် အဓိပ္ပါယ်ဖွင့်ကျမ်းမှ ကူးယူသည်။)

# မဟာဗျူဟသုတ်

(သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ ပါ-၄၁၈။)
(၂၀၁၂-ခု၊ ဧပြီလ ၂၂-ရက်၊ တနင်္ဂနွေနေ့)

**နိမ္မိတဘုရားရှင် ပထမအမေးဂါထာ**

**၁။ ယေ ကေစိမေ ဒိဋ္ဌိပရိဗ္ဗသာနာ၊**
**ဣဒမေဝ သစ္စန္တိ ဝိဝါဒယန္တိ။**
**သဗ္ဗေဝ တေ နိန္ဒ’မန္ဝာနယန္တိ၊**
**အထော ပသံသမ္ပိ လဘန္တိ တတ္ထ။**

**မြန်မာပြန်။ ။ဂေါတမနွယ်ဘွား မြတ်စွာဘုရား.....အလုံးစုံသော တိတ္ထိအယူရှိသူတို့သည် “ငါတို့ အယူသာ မှန်၏”ဟု ပြောဆိုငြင်းခုံနေကြပါကုန်၏။ ငြင်းခုံနေကြသည့် အားလုံးသော ထိုတိတ္ထိတို့သည် ပညာရှိတို့ ကဲ့ရဲ့ခြင်းကိုသာ ရရှိကြပါသလော။ သို့မဟုတ် ထိုငြင်းခုံခြင်းကြောင့် ချီးမွမ်းခြင်းကိုလည်း ရကြပါသေးသလော။**

**ပကတိဘုရားရှင်၏ အဖြေဂါထာ**

**၂။ အပ္ပံ ဟိ ဧတံ န အလံ သမာယ၊**
**ဒုဝေ ဝိဝါဒဿ ဖလာနိ ဗြူမိ။**
**ဧတမ္ပိ ဒိသွာ န ဝိဝါဒယေထ၊**
**ခေမာ’ဘိပဿံ အဝိဝါဒဘူမိံ။**

**မြန်မာပြန်။ ။နိမ္မိတရုပ်ပွား မြတ်စွာဘုရား......ထိုတိတ္ထိတို့သည် တခါတရံ ပညာရှိတို့၏ ချီးမွမ်းခြင်းကိုလည်း ရကြပါသေး၏။ ဤအချီးမွမ်းခံရမှုသည် အနည်းငယ်မျှသာတည်း။ ရာဂစသော ကိလေသာငြိမ်းရန် မစွမ်းနိုင်သည် သာတည်း။ ငါဘုရားသည် ငြင်းခုံပြောဆိုရသဖြင့် ကဲ့ရဲ့ခြင်း,ချီးမွမ်းခြင်း, နိုင်ခြင်း,ရှုံးခြင်း စသော နှစ်ပါးသော အကျိုးတို့ကို ဟောတော်မူ၏။ ထိုငြင်းခုံခြင်းကြောင့်ဖြစ်သော အပြစ်တို့ကိုလည်း သိမြင်ပြီး၍ ငြင်းခုံမှုကင်းရာ နိဗ္ဗာန်ကို ဘေးငြိမ်းရာဟု ရှေးရှုထင်ထင် မြင်အောင်ရှုလျက် ငါ့အယူသာ မှန်၏ဟု တယူသန် မငြင်းခုံလေရာ။**

**ငြင်းခုံခြင်း၌ အပြစ်သာများ။** ။ငြင်းခုံနေကြသော တိတ္ထိတို့သည် တခါတရံ အချီးမွမ်းခံရတတ်၏။ သို့သော် အနည်းမျှသာ။ ထိုအနည်းငယ် ချီးမွမ်းခံရမှုသည်လည်း ရာဂ,ဒေါသ,မောဟ,ကောဓ စသော ငြင်းခုံခြင်း၏ အကြောင်း မကောင်းသော တရားဆိုးများကို ငြိမ်းအေးစေရန် မစွမ်းနိုင်။

**ငြင်းခုံခြင်း၏ အကျိုးနှစ်ပါး။** ။ငြင်းခုံခြင်းကြောင့် “နိုင်ခြင်း,ရှုံးခြင်း”ဟူသော အကျိုးနှစ်ပါးကိုငှင်း၊ “ကဲ့ရဲ့ခံရခြင်း, ချီးမွမ်းခံရခြင်း”ဟူသော အကျိုးနှစ်ပါးကိုငှင်း၊ ကြည်ညိုသူများထံမှ လာဘ်ရခြင်း၊ မကြည်ညိုသူ များထံမှ လာဘ်ဆုံးရှုံးခြင်း ဟူသော အကျိုးနှစ်ပါးကိုငှင်း၊ မိမိပြောဆိုတာကို ကြိုက်သူများက မိမိအခြွေအရံ ဖြစ်လာပြီး မကြိုက်သူများက ဆုတ်ခွါသွားခြင်း အကျိုးနှစ်ပါးကိုငှင်း၊ ဝမ်းသာခြင်း ဝမ်းနည်းခြင်းဟူသော အကျိုးနှစ်ပါးကို ငှင်း ရတတ်၏။

**ညွှန်ကြားချက်။** ။ထိုငြင်းခုံခြင်း၏ အပြစ်များကို ဉာဏ်ဖြင့်ထင်ထင် မြင်အောင်ရှု၍ ငြင်းခုံရခြင်းကင်းသော နိဗ္ဗာန်သည်သာ ချမ်းသာအစစ်ပါတကားဟု မြင်အောင်ရှု၍ ငြင်းခုံခြင်းကို ရှောင်လေရာ၏။

**အဖြေဂါထာ**

**၃။ ယာ ကာစိမာ သမ္မုတိယော ပုထုဇ္ဇာ၊**
**သဗ္ဗာဝ ဧတာ န ဥပေတိ ဝိဒွါ။**
**အနူပယော သော ဥပယံ ကိမေယျ၊**
**ဒိဋ္ဌေ သုတေ ခန္တိ ’မကုဗ္ဗမာနော။**

**မြန်မာပြန်။** **။အလုံးစုံသော သမုတ်ထားအပ်သည့် မိစ္ဆာဒိဋ္ဌိ(၆၂)ပါးတို့သည် များစွာသော ဘာသာရေးဆရာတို့ကြောင့် ဖြစ်ကုန်၏။ ငါဘုရား၏ တပည့်သားပညာရှိသည် ထိုအလုံးစုံသော အယူဝါဒတို့သို့ တဏှာဒိဋ္ဌိတို့ဖြင့် မကပ်ရောက်တော့ပေ။ တဏှာဒိဋ္ဌိတို့ဖြင့် ကပ်ရောက်ခြင်းမရှိသော ထို(ရဟန္တာ)ပညာရှိသည် ကပ်ငြိတွယ်တာ အပ်သော ဘယ်အရာကိုမျှ မကပ်ငြိတော့ပေ။ ဒိဋ္ဌမင်္ဂလာ၌၎င်း, သုတမင်္ဂလာ၌၎င်း, မုတမင်္ဂလာ၌၎င်း ကြိုက်နှစ်သက်ခြင်းကို မပြုတော့ပေ။**

**အဓိပ္ပါယ်။** ။မိစ္ဆာဒိဋ္ဌိ(၆၂)ပါးသည် ဘာသာရေးဆရာများက တီထွင်ကြံဆ သမုတ်ထားသော အရာမျှသာ ဖြစ်၏။ ထိုအယူဝါဒပေါင်းစုံသို့ ပညာရှိရဟန္တာပုဂ္ဂိုလ်သည် ကပ်ရောက်ခြင်း မရှိတော့။ ထိုရဟန္တာပညာရှိသည် ကပ်ငြိတွယ်တာတတ်သော တဏှာဒိဋ္ဌိ ၂-ပါးမရှိတော့သဖြင့် ကပ်ငြိစရာ ဘယ်အရာကိုမျှ မကပ်ငြိတော့။ မြင်ရုံမျှဖြင့် ကိလေသာမှစင်ကြယ်၏ဟူသော ဒိဋ္ဌမင်္ဂလာအယူ၊ ကြားရုံမျှဖြင့် ကိလေသာမှစင်ကြယ်၏ဟူသော သုတမင်္ဂလာအယူ၊ နမ်းရုံ,စားရုံ,ထိရုံမျှဖြင့် ကိလေသာမှစင်ကြယ်၏ဟူသော မုတမင်္ဂလာအယူတို့၌ နှစ်သက်သဘောကျခြင်း မရှိတော့။

**အဖြေဂါထာ**

**၄။ သီလုတ္တမာ သညမေနာဟု သုဒ္ဓိံ၊**
**ဝတံ သမာဒါယ ဥပဋ္ဌိတာသေ။**
**ဣဓေဝ သိက္ခေမ အထဿ သုဒ္ဓိံ၊**
**ဘဝူပနီတာ ကုသလာဝဒါနာ။**

**မြန်မာပြန်။** **။(သာသနာပြင်ပရှိ တိတ္ထိတို့သည်) သီလကိုအမြတ်ဆုံးဟု အယူရှိကုန်လျက် ကိုယ်နှုတ်တို့ကို စောင့်ထိန်းခြင်းမျှဖြင့် ကိလေသာတို့မှ စင်ကြယ်လွတ်မြောက်ခြင်းကို ပြောဆိုကြကုန်၏။ “ငါတို့သည် ဤအယူဝါဒ၌သာလျှင် တည်၍ ကျင့်ကုန်အံ့”ဟု ကြံစည်ကုန်လျက် နွားခွေးစသော တိရစ္ဆာန်တို့၏ အကျင့်ကို ခံယူဆောက်တည်ပြီးလျှင် စွဲလမ်းငြိကပ် ရပ်တည်ကုန်၏။ ထိုသို့ကပ်ငြိ ဆောက်တည်ကျင့်သုံးသောအခါ၌ ဘဝ၌ ကပ်ငြိတွယ်တာမှု ရှိနေပါလျက် ထိုနွားခွေးစသော တိရစ္ဆာန်အကျင့်၏ သံသရာမှ လွတ်မြောက်စင်ကြယ်ခြင်းကို အကြိုက်နှင့်အပြော တသဘောစီဖြစ်အောင် ပြောဆိုကြကုန်၏။ ထိုသို့ဖြစ်ပါလျက် မိမိကိုယ်ကို လိမ္မာကျွမ်းကျင် ပညာရှင်ဟု ဝန်ခံပြောဆိုကြကုန်သေး၏။**

**သီလနှင့် ဝတမည်ပုံ။** ။စည်းမျဉ်းကျင့်စဉ်ကို မလွန်ကျူးခြင်းဟူသော အလေ့သဘောသည် “သီလ”မည်၏။ စည်းမျဉ်းအတိုင်း ဆောက်တည်ကျင့်သုံးခြင်းသည် “ဝတ”မည်၏။

ထိုသီလနှင့်ဝတ နှစ်ပါးသည် သာသနာတွင်း သာသနာပအားဖြင့် လမ်းမှန်-မမှန် ၂-မျိုးရှိ၏။ သာသနာတွင်း 'သီလ'နှင့် 'ဝတ'သည်လည်း သီလလည်းမည်, ဝတလည်းမည်သော အလေ့အကျင့်တမျိုး၊ 'ဝတ'သာမည်သော အလေ့အကျင့်တမျိုး ဟူ၍ နှစ်မျိုးကွဲပြန်၏။

ထိုနှစ်မျိုးတွင် ၅-ပါး၊ ၈-ပါး၊ ၁၀-ပါးသီလ၊ ပါတိမောက္ခ သံဝရသီလသည် မလွန်ကျူးအောင် စောင့်ထိန်းရသောကြောင့် သီလလည်း မည်၏။ ဝတလည်း မည်၏။

ဓုတင်အကျင့်သည်၄င်း၊ "အသွေးအသားများ ခန်းခြောက်သော်လည်း တရားထူးမရလျှင် မထတော့အံ့" ဟု ဝီရိယကို ဆောက်တည်ခြင်းမျိုးသည်၄င်း၊ တဏှာတည်းဟူသော ဆူးငြောင့်ကို မထုတ်နိုင်သမျှ ကာလပတ်လုံး အစာမစားအံ့၊ ရေမသောက်အံ့၊ အပြင်မထွက်အံ့၊ မျက်စိဖွင့် မကြည့်အံ့၊ ကိုယ်ကို မလျောင်းအံ့ဟူ၍ ဝီရိယကို ဆောက်တည်ခြင်းမျိုးသည်၄င်း ဆောက်တည်ကျင့်သုံးရုံသာ ကျင့်သုံးအပ်သောကြောင့် 'ဝတ'သာ မည်၏။ မလွန်ကျူးအပ်သော သီလ မမည်။

သာသနာပ သီလဟူသည် မိမိတို့ထင်ရာမြင်ရာ စည်းမျဉ်းထား၍ မလွန်ကျူးဘဲ ထိန်းသိမ်းစောင့်စည်းသော အလေ့အထပင် ဖြစ်၏။ ဥပမာအားဖြင့်.....အချို့ပရိဗိုဇ်သည် အဝတ်မဝတ်ခြင်းကို သီလဟု သမုတ်၏။ ရေအေးမသောက်ခြင်းကို သီလဟု သမုတ်၏၊ အသားကိုမစားခြင်း, ငါးကိုမစားခြင်း, အရက်မသောက်ခြင်း, ကိုယ်ဝန်ဆောင်မိန်းမထံမှ ဆွမ်းမခံခြင်း, နို့တိုက်နေသောမိခင်ထံမှ ဆွမ်းမခံခြင်းစသည်ကို သီလဟု သမုတ်၏။ သွားနည်း လာနည်း စားနည်း စသောအမူအရာကိုလည်း သီလဟု သမုတ်၏။

သာသနာပ 'ဝတ'ဟူသည်ကား ထိုသည့် ထင်ရာမြင်ရာ ရော်ရမ်းမှန်းဆ၍ ရဟန်းတို့ မလွန်ကျူးကောင်းသည့် သီလဟု သမုတ်အပ်သောအကျင့်ကို ဆောက်တည်ကျင့်သုံးခြင်းပင် ဖြစ်သည်။ ထိုသာသနာပ သီလနှင့်ဝတတို့သည် မဂ္ဂမလမ်းကြောင်းမှ တိမ်းစောင်းသွားသဖြင့် သံသရာမှ ထွက်မြောက်ကြောင်း မဟုတ်ရကား ကိုယ်စိတ်ဆင်းရဲကြောင်း အတ္တကိလမထာနုယောဂ ဟူ၍သာ ဆိုအပ်၏။

**နွားလိုကျင့်သည့်ပုဏ္ဏနှင့် ခွေးလိုကျင့်သည့် သေနိယ။** ။တခါက နွားလိုကျင့်သည့်ပုဏ္ဏနှင့် ခွေးလိုကျင့်သည့် သေနိယတို့ မြတ်စွာဘုရားထံ ရောက်လာ၏။ ပုဏ္ဏမှာ နွားနှင့်တူအောင် ခေါင်း၌ ဦးချိုတပ်ပြီး မြီးညောင့်၌ အမြီးတပ်ထား၏။ အဝတ်မပါ ကိုယ်ဗလာဖြင့်နေပြီး နွားအုပ်တွင်းသို့ဝင်၍လည်း နွားနှင့်တူအောင် မြက်စား၏။

သေနိယလည်း ခွေးနှင့်တူအောင် မြေ၌ထားအပ်သော အစာကိုသာ စား၏။ အခြားခွေးမြင်လျှင် သွားဖြဲပြ၏။ ပေါင်မြောက်၍ ကျင်ငယ်စွန့်၏။ လေးဘက်ထောက်သွား၏။ ဘုရားထံသို့ ချဉ်းကပ်သောအခါ၌လည်း လက်ဖြင့်မြေကြီးကို ယက်ထုတ်၍ ခေါင်းကိုခါ, ခွေးကဲ့သို့အူပြီး လက်ခြေတို့ကို ခွေလျက်ဝပ်၏။

သူတို့ နွားအကျင့် ခွေးအကျင့်ကို ကျင့်ရခြင်း၏အကျိုးကို မေးလျှောက်ရာ ဘုရားရှင်က မဖြေလိုသဖြင့် သုံးကြိမ်တိုင်အောင် တားမြစ်ခဲ့၏။ မရသဖြင့် နောက်ဆုံးမှာ "နွားလိုကျင့်လျှင် နွားဖြစ်ရတတ်သည်။ ခွေးလိုကျင့်လျှင် ခွေးဖြစ်ရတတ်သည်။ သို့မဟုတ် ငရဲသို့ရောက်ရတတ်သည်"ဟု ဖြေဆိုလိုက်၏။ ထိုအခါ နှစ်ယောက်လုံး ချုံပွဲချ ငိုလေ၏။ ဘုရားကမေးသောအခါ "တပည့်တော်တို့ အချည်းနှီး ကုန်ဆုံးခဲ့သော အချိန်ကာလတွေကို စဉ်းစားမိပြီး ငိုခြင်းဖြစ်ပါသည်"ဟု လျှောက်၏။ တရားဟောရန် တောင်းပန်သဖြင့် ကံလေးမျိုးကို ဟော၏။

(၁)မည်းညစ်၍ မည်းညစ်သောအကျိုးရှိသော ကံ၊

(၂) ဖြူစင်၍ ဖြူစင်သော အကျိုးရှိသော ကံ၊

(၃) အဖြူအမည်းရောၡ အဖြူအမဲရောသော အကျိုးရှိသော ကံ၊

(၄) အဖြူလည်းမဟုတ် အမည်းလဲမဟုတ်သဖြင့် အဖြူလည်းမဟုတ် အမည်းလည်းမဟုတ် အကျိုး

ရှိသောကာံ။

တရားအဆုံး၌ ပုဏ္ဏမှာ သရဏဂုံတည်၍ သေနိယမှာ ဘုရားထံ၌ ရဟန်းပြုကာ ရဟန္တာဖြစ်သွား၏။
(ကုက္ကုရဝတိကသုတ်၊ ဂဟပတိဝဂ်၊ မဇ္ဈိမပဏ္ဏာသ။)

**ရွှေတိဂုံဘုရားပေါ်က နေကိုကြည့်နေသည့်မိန်းမ။** ။ရွှေတိဂုံဘုရားပေါ်၌ ဘုရားယင်ပြင်ထိုင်နေပါလျက် ဘုရားကို မကြည်ညိုဘဲ ကတီပါဝတ်ရုံခြုံပြီး မနက်၁၀-နာရီ လောက်မှစ၍ နေကိုကြည့်နေသည့် မိန်းမ တစ်ယောက် ရှိ၏။ ထိုအကျင့်မျိုးသည် 'ဝတ'အကျင့်မျိုးပင် ဖြစ်၏။ တနည်း အတ္တကိလမထာနယောဂပင် ဖြစ်၏။

**အင်္ဂလန်က ခွေးနဲ့အတူနေသူ။** ။အင်္ဂလန်မှ Shaun Ellis ဆိုသူသည် ကျားတမျှရိုင်းစိုင်းလှသော ဝံပုလွေခွေး ကြီးများကို လေ့လာချင်၍ ခွေးငယ် ကလေးများဘဝကပင် ခွေးနှင့်အတူနေ၏။ ခွေးများနှင့် အတူစား၏။ အစာရ လျှင် သွားဖြဲပြီး ခွေးလိုမာန်ထောင်၏။ ခွေးလိုအူ၏။ ခွေးကြားထဲဝင်ကာ ခွေးလိုခွေအိပ်၏။ ဝတအကျင့်တမျိုးပင် ဖြစ်၏။

**သီလမျှဖြင့် မပြည့်စုံ။** ။ဤ၌ လိုရင်းကား သီလမျှဖြင့် ဘဝလွတ်မြောက်ရေး၌ အမြတ်ဆုံးအကျင့်ဟု ယူဆ လျှင် သာသနာတွင်းသီလပင်ဖြစ်စေ သမာဓိ ပညာ အထက်ဘာဝနာတို့နှင့် မရောမယှက် သီလသက်သက်ဖြင့် သံသရာမှ လွတ်မြောက်ရေးကိုပြောဆိုသူတို့သည်၄င်း၊ သာသနာပသီလဖြင့် စင်ကြယ်လွတ်မြောက်ရေးကို ပြော ဆိုသူတို့သည်၄င်း အကြောင်းမှန်ကို ပြောဆိုသည် မဟုတ်ကုန်။

**အပြောတခြား အကြံကျတခြား။** ။နွားခွေးစသည်တို့၏ အကျင့်ကိုပြည့်စုံစွာ ဆောက်တည်၍ကျင့်ပါလျှင် ကိလေသာမှ စင်ကြယ်လျက် သံသရာက လွတ်မြောက်၏ဟု ပြောဆိုလျက် ကျင့်နေသူတို့သည်လည်း အတွင်း အဇ္ဈတ္တ၌ ရာဂမကင်းဘဲလျက် မိမိတို့၏စိတ်အလိုကို ဖုံးကွယ်လျက် နှုတ်ဖြင့်သာ သံသရာလွတ်မြောက်ရေး ဟူ၍ အော်ဟစ်ကာ စိတ်ကြံကက တစ်မျိုး, နှုတ်ပြောက တစ်မျိုး ရှေ့နောက်မညီဘဲ ရှိကုန်၏။ သို့သော်လည်း တိတ္ထိတို့သည် မိမိကိုယ်ကို ပညာရှိဟု ဝန်ခံကြကုန်သေး၏။

**အဖြေဂါထာ**

**၅။ သစေ စုတော သီလဝတတော ဟောတိ၊**
**ပဝေဓတီ ကမ္မ ဝိရာဓယိတွာ။**
**ပဇပ္ပတီ ပတ္ထယတီ စ သုဒ္ဓိံ၊**
**သတ္ထာဝ ဟီနော ပဝသံ ယရမှာ။**

**မြန်မာပြန်။** ။**(ထိုသီလ-ဝတ အယူရှိသောသူသည်)မိမိကျင့်နေသော အလေ့အကျင့်မှ မကျင့်လိုခြင်း မကျင့် နိုင်ခြင်းကြောင့် လျောကျသည်ဖြစ်အံ့။ ထိုသို့လျော့ကျလတ်သော် သီလ-ဝတဟူသော ပရိဗိုဇ်တို့ ပြုရမည့်အမှုကို ချွတ်ချော်စေမိ၍ ပူပန်ရတော့၏။ ဤမျှ မကသေး၊ မိမိ၏ သံသရာ ကိလေသာမှ စင်ကြယ်လွတ်မြောက်ကြောင်း ဖြစ်သော သီလ-ဝတကို ဆိုမြည်ယောင်ရမ်း တမ်းတလည်း တမ်းတ၏။ တောင့်တလည်း တောင့်တ၏။ ဥပမာ- အိမ်မှထွက်လာပြီး အဖော်ကုန်သည်တို့နှင့် ခရီးလိုက်ပါသွားသော ယောက်ျားသည် အဖေါ်ကုန်သည်အပေါင်းမှ**

**အမှတ်တမဲ့ တောကြီးမျက်မဲထဲ၌ တစ်ယောက်တည်းကျန်ရစ်ခဲ့သည်ရှိသော် အဖော်ကုန်သည်များနောက်သို့ အစဉ်လိုက်ဖို့ရန် (သို့မဟုတ်) ကိုယ့်အိမ်သို့ ပြန်လာရန် ယောင်ယမ်းတ,သ တောင့်တနေသကဲ့သို့တည်း။**
အဓိပ္ပါယ်။ ။သီလ-ဝတဟူသော အလေ့အကျင့်မှုဖြင့် ကိလေသာမှ စင်ကြယ်နိုင်၏၊ သံသရာမှ လွတ်မြောက်နိုင်၏ဟု အယူရှိသူများသည် သူတို့ဘာသာတရားက ညွှန်ကြားချက်များအတိုင်း သီလ-ဝတအကျင့်များ ကျင့်၍ ဘုရားသခင်များကို အရိုအသေပြုနေကြ၏။ အကြောင်းမညီညွတ်၍ မကျင့်နိုင်သဖြင့် ကျိုးပျက်သော အခါ 'ဘုရားသခင်က ကယ်တင်တော့မှာ မဟုတ်ဘူး၊ ထာဝရငရဲကို ပစ်ချခံရတော့မှာဘဲ'ဟု စိတ်ပူပန်မှုဖြစ်နေတော့၏။ ဆင်းရဲမှလွတ်မြောက်ခြင်းကို ယောင်ယမ်းတမ်းတ နေတော့၏။ ပူဇော်ပ,သပြီး ဆုလဲ တောင်းနေတော့၏။

**အဖြေဂါထာ**

**၆။ သီလဗ္ဗတံ ဝါပိ ပဟာယ သဗ္ဗံ၊**
**ကမ္မဉ္စ သာဝဇ္ဇ'နဝဇ္ဇ'မေတံ။**
**သုဒ္ဓိံ အသုဒ္ဓိန္တိ အပတ္ထယာနော၊**
**ဝိရတော စရေ သန္တိ'မနုဂ္ဂဟာယ။**

**မြန်မာပြန်။ ။ဘုရား၏တပည့်သား သာဝကသည် အလုံးစုံ စောင့်ထိန်းအပ်သောသီလ, ဆောက်တည်အပ်သော အကျင့်ကိုငှင်း၊ အပြစ်ရှိသောအကုသိုလ်ကံ, အပြစ်မရှိသော ကုသိုလ်ကံဟူသော ကံနှစ်ပါးကို ပယ်စွန့်၍ ငှင်း၊ ဆင်းရဲမှ စင်ကြယ်ကြောင်း မစင်ကြယ်ကြောင်းကိုလည်း မတောင့်တမူ၍၊ သုဒ္ဓိ အသုဒ္ဓိခေါ်သော ကာမဂုဏ် အကုသိုလ်စသည်တို့မှ ရှောင်ကြည်လျက်၊ ဒုက္ခငြိမ်းချုပ်ငြိမ်းရာဟူသော တိတ္ထိတို့ယူဆအပ်သည့် ၆၂-ပါး သော အယူမှားကို မယူတော့ဘဲ ကျင့်ကြံလေရာ၏။ (ဝါ) စင်စစ် ငြိမ်းအေးသောနိဗ္ဗာန်ကို ချီးမြှောက်၍ နေလေရာ၏။ (မဟာစည်ဆရာတော်အလို)**

**ရဟန္တာသည် ကံစွန့်သော်လည်း ကုသိုလ်လုပ်သေး။** ။ရဟန္တာဖြစ်ပြီး၍ အပြစ်ရှိသော အကုသိုလ်ကံ မှန်သမျှကိုလည်း ပယ်စွန့်ပြီးဖြစ်၏။ အကျိုးပေးတတ်သော ကုသိုလ်ကံမှန်သမျှကိုလည်း ပယ်စွန့်ပြီးဖြစ်၏။ သို့သော် သီလစောင့်ခြင်း၊ ဝေယျာဝစ္စလုပ်ခြင်း၊ ဘုရားရှိခိုးခြင်း-အရိုအသေပြုခြင်း၊ မိမိပိုင်ဆွမ်းသင်္ကန်းများကို အခြား ရဟန်းများအား လှူဒါန်းခြင်း၊ တရားဟောခြင်း၊ တရားပြခြင်း စသော ကုသိုလ်လုပ်ငန်းများကိုတော့ လုပ်မြဲ လုပ်နေ၏။ သို့သော် ကုသိုလ်ကား မဖြစ်တော့ပေ။ ပြုလုပ်ကာမျှ ကြိယာသာဖြစ်တော့၏။

**အသုဒ္ဓိ-သုဒ္ဓိ ၂-ပါးလုံး မတောင့်တတော့**

အကုသိုလ်တရားကို အသုဒ္ဓိ = ကာမဂုဏ်ငါးပါးကို သုဒ္ဓိ။
အကုသိုလ်နှင့်ကာမဂုဏ်ကို အသုဒ္ဓိ = ဒိဋ္ဌိ ၆၂-ပါးကို သုဒ္ဓိ။
အကုသိုလ်, ကာမဂုဏ်နှင့် ဒိဋ္ဌိကို အသုဒ္ဓိ = လောကီကုသိုလ်တရားကို သုဒ္ဓိ။
အကုသိုလ်,ကာမဂုဏ်,ဒိဋ္ဌိနှင့်လောကီကုသိုလ်ကို အသုဒ္ဓိ = သောတာပတ္တိမဂ်ကို သုဒ္ဓိ။

ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ဟူသော အမြတ်ဆုံးသုဒ္ဓိကိုရောက်ပြီးဖြစ်၍ နောက်ထပ် သုဒ္ဓိကို မတောင့်တ တော့ပေ။

**"သန္တိ'မနုဂ္ဂဟာယ"ပုဒ်၏အနက် မဟာစည်ဆရာတော်အလို။** ။ "သန္တိံ=မိစ္ဆာအယူဟူသော သန္တိကို။ အနုဂ္ဂဟာယ = မယူမူ၍"ဟု အနက်ပေးခြင်းသည် ရဟန္တာအတွက် ဂုဏ်မမြောက်ပေ။ ဒိဋ္ဌိကို သောတာပန်ကတည်းက ပယ်ပြီး ဖြစ်၏။ "သန္တိံ=စင်စစ်ငြိမ်းအေးသော နိဗ္ဗာန်ကို။ အနုဂ္ဂဟာယ = ချီးမြှောက်၍၊ စရေ=နေရာတော့သတည်း"ဟု အနက်ပေးမှ သင့်တော်မည်။

အကြောင်းမှာ ရဟန္တာများသည် အချိန်အားလျော်စွာ ဖလသမာပတ်ဝင်စား၍ နိဗ္ဗာန်၏အေးငြိမ်းခြင်း အရသာကို ခံစားနေလေ့ရှိကြ၏။ သမာပတ်မှ ထသောအခါလည်း နိဗ္ဗာန်၏ အေးငြိမ်းသော အရသာကို အောက်ပါအတိုင်း ချီးကျူးလျက်ရှိ၏--

သုသုခံ ဝတ နိဗ္ဗာနံ၊ သမ္မာသမ္ဗုဒ္ဓဒေသိတံ။
အသောကံ ဝိရဇံ ခေမံ၊ ယတ္ထ ဒုက္ခံ နိရုဇ္ဈတိ။

အကြင် နိဗ္ဗာန်၌ ဆင်းရဲဒုက္ခဟူသမျှသည် ချုပ်ငြိမ်းလျက်ရှိ၏။ စိုးရိမ်ခြင်းလည်း မရှိ၊ ကိလေသာမြူလဲ မရှိ၊ ဘေးရန်ခပ်သိမ်းတို့မှလည်း အေးငြိမ်းရာဖြစ်သည့် ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားအပ်သော ထိုနိဗ္ဗာန်အရပ်သည် အော်....အလွန်တရာ ချမ်းသာပါပေစွ တကား။ ။

**အဖြေဂါထာ**

**၇။ တမူပနိဿာယ ဇိဂုစ္ဆိ တံ ဝါ၊**
**အထ ဝါပိ ဒိဋ္ဌံဝ သုတံ မုတံ ဝါ။**
**ဥဒ္ဓံသရာ သုဒ္ဓိမနုတ္ထုနန္တိ၊**
**အဝီတတဏှာ သေ ဘဝါဘဝေသု။**

**မြန်မာပြန်။ ။ခန္ဓာကိုယ်ပင်ပန်းအောင် ကျင့်ရသော လုံ့လအကျင့်ဖြင့်သာ မကောင်းမှုအကုသိုလ်ကို စက်ဆုပ်ရွံရှာနိုင်သည်, ပယ်စွန့်နိုင်သည်ဟု အယူရှိသူတို့သည် မကောင်းမှုကို စက်ဆုပ်စေတတ်သည့် အဝတ်မဝတ်ခြင်းစသော တပေါဇိဂုစ္ဆ အကျင့်ကို အမှီပြု၍ ဘဝကြီးငယ်အသွယ်သွယ်တို့၌ တပ်မက်မှုတဏှာ မကင်းပါဘဲလျက် ဘဝမှ လွတ်မြောက်စင်ကြယ်ရေးကို အဖန်တလဲလဲ ချီးမွမ်းကြကုန်၏။**

**ထိုမှတပါးလည်း ဒိဋ္ဌမင်္ဂလာ အယူရှိသောသူ, သုတမင်္ဂလာ အယူရှိသောသူ, မုတမင်္ဂလာ အယူရှိသောသူတို့သည်လည်း ထိုအယူတို့အပေါ်၌ အမှီပြု၍ ဘဝကြီးငယ်တို့၌ တဏှာမကင်းပါဘဲလျက် ဘဝမှ လွတ်မြောက်စင်ကြယ်ရေးကို ထပ်ပြန်တလဲလဲ ချီးမွမ်းကြကုန်၏။**

**(ပြုအပ်သော ကောင်းမှု မကောင်းမှု၏ ကောင်းကျိုး မကောင်းကျိုးမရှိဟု အယူရှိသော သဿတဝါဒီ ပုဂ္ဂိုလ်တို့သည်လည်း) သေပြီးနောက်ကာလ၌ ဘဝသံသရာရှိသည်ကို သိကြကုန်လျက် ဘဝတို့၌ တပ်မက်မှု တဏှာမကင်းပါဘဲ ဘဝမှ စင်ကြယ်လွတ်မြောက်ရေးကို ချီးမွမ်းကြကုန်၏။**

**တပေါဇိဂုစ္ဆဝါဒ။** ။"ခန္ဓာကိုယ်ပင်ပန်းအောင် ကျင့်ရသော အဝတ်အဝတ်ခြင်းစသည့် ပြင်းထန်သောအကျင့်မျိုးဖြင့်သာလျှင် မကောင်းမှုအကုသိုလ်ကို စက်ဆုပ်ရွံရှာနိုင်၏၊ ပယ်စွန့်နိုင်၏" ဟူသော အယူဝါဒမျိုးကို တပေါဇိဂုစ္ဆဝါဒဟု ခေါ်၏။

ဥပမာ... ကာမရာဂစသည်ကို စက်ဆုပ်သဖြင့် အစာမစားဘဲနေခြင်း စသည်ဖြင့် ကိုယ်ပင်ပန်းအောင် ကျင့်ကြ၏။ အားချိနွမ်းနယ်လာသောအခါ ကာမရာဂ အကြမ်းစားများ မဖြစ်လာတော့ပေ။ ထိုသို့ ရာဂများ ခေတ္တခဏ ငြိမ်ကျသွားသည်ကိုပင် "စင်ကြယ်သည်"ဟု ပြောဆိုကြ၏။

**သဿသတဝါဒီနှင့် မင်္ဂလာအယူရှိသူများ။** ။သဿသတဝါဒီများကလည်း ကိုယ်ပင်ပန်းအောင်ကျင့်သည့် တပအကျင့်ကြောင့် အကုသိုလ်ကံပဟောင်းများ ကုန်သွား၏။ ယခုလည်း ကာမရာဂတွေ စင်ကြယ်နေ၏။ နောင်ကာလမှာလဲ အိုနာသေ ဆင်းရဲမှ စင်ကြယ်လွတ်မြောက်၏ ဟု ဟောပြောကြ၏။ ဒိဋ္ဌမင်္ဂလာစသည့် အယူရှိသူများကလည်း ဤအတိုင်းပင် နောက်ဘဝမှာ ဆင်းရဲမှလွတ်မြောက် စင်ကြယ်၏ဟု ယူဆကြ၏။

ထိုပုဂ္ဂိုလ်များသည် ဘဝလွတ်မြောက်ရေးကို ချီးကျူးကြပါသော်လည်း စင်စစ် လွတ်မြောက်လိုသော စိတ်မရှိ။ ဘဝကို သာယာတပ်မက်လျက်သာ ရှိကုန်၏။

**အဖြေဂါထာ**

**၈။ ပဋ္ဌသယမာနဿ ဟိ ဇပ္ပိတာနိ၊**
**ပဝေဓိတံ ဝါပိ ပကပ္ပိတေသု။**
**စုတူပပါတော ဣဓ ယဿ နတ္ထိ၊**
**သ ကေန ဝေဓေယျ ကုဟိံ ဝ ဇပ္ပေ။**

**မြန်မာပြန်။** **။(မှို့စွာအယူရှိသောပုဂ္ဂိုလ်သည် မိမိကိုယ်ကို ဘဝသံသရာမှ စင်ကြယ်လွတ်မြောက်ပြီဟု ထင်မှတ်နေ၏။ ဘဝ၌တပ်မက်သော တဏှာမကင်းသည့်၏အဖြစ်ကြောင့်) ဘဝကိုတဏှာဖြင့် တောင့်တလျက်ရှိသော ထိုမှို့စွာအယူရှိသော ပုဂ္ဂိုလ်အား ယောင်ယမ်းတမ်းတမှု တဏှာတို့သည် ထပ်ပြန်တလဲလဲ ဖြစ်လာကုန်သည်သာ။ တဏှာဒိဋ္ဌိတို့ဖြင့် ကြံစည်အပ်သောအာရုံတို့ကြောင့် စိုးရိမ်ပူပန် ဖေါက်ပြန်တုန်လှုပ်ခြင်းလည်း ဖြစ်သည်သာ။**

**ဤလောက၌ တပ်မက်မှုကင်းခြင်းကြောင့် စုတိပဋိသန္ဓေ နေရခြင်းမရှိတော့သော ရဟန္တာပုဂ္ဂိုလ်သည် အဘယ်မည်သော ရာဂစသောအကြောင်းကြောင့် စိုးရိမ်ပူပန် ဖေါက်ပြန်တုန်လှုပ်ရတော့အံ့နည်း။ အဘယ်မည်သော အကြောင်းကြောင့်လည်း ယောင်ယမ်းမြည်တမ်းရာတော့အံ့နည်း။**

အဓိပ္ပါယ်။ ။မိမိတို့အကျင့်ဖြင့် သံသရာမှ လွတ်မြောက်စင်ကြယ်နေပြီဟု ထင်မှတ်နေသော တိတ္ထိတို့အား တဏှာကင်းကြောင်း အကျင့်မရှိရကား ဘဝကြီးငယ်တို့၌ရှိသော ထိုထိုအာရုံ ကာမဂုဏ်တို့ကို ခံမင်တောင့်တသည်ဖြစ်၍ နောက်ထပ် တပ်မက်တောင့်တမှုတို့လည်း ထပ်ပြန်တလဲလဲ ဖြစ်လာကုန်၏။ ထိုမှတပါး မိမိတပ်မက်နှစ်သက်သော အာရုံတို့ကြောင့်လည်း စိုးရိမ်ပူပန်ရ၏။ ပျောက်ပျက်ပြီးသော ဝတ္ထုအာရုံတို့အတွက်လည်း စိုးရိမ်ပူပန် တုန်လှုပ်ရ၏။ လက်ရှိ ပျောက်ပျက်ဆဲနှင့်ကြုံ၍လည်း ပူပန်တုန်လှုပ်ရ၏။ ရှေး၌ ပျောက်ပျက်မည့်အရေးကိုလည်း မြှော်တွေး၍ ပူပန်တုန်လှုပ်ရ၏။

ရဟန္တာပုဂ္ဂိုလ်မှာကား ဘဝတို့၌ တောင့်တမှုလည်း မရှိ၊ စုတိပဋိသန္ဓေအားဖြင့် အဖန်ဖန်ကျင်လည်ရခြင်းလည်း မရှိ။ ထိုရဟန္တာပုဂ္ဂိုလ်သည် အဘယ်မည်သော ရာဂဒေါသ စသောကိလေသာတို့ကြောင့် ပူပန်ရတော့အံ့နည်း။ အဘယ်မည်သော ဘုံဘဝနှင့်စပ်၍ ပူပန်ရပါတော့အံ့နည်း။ ဘဝမှလွတ်မြောက်ပြီးသဖြင့် တုန်လှုပ်ပူပန်စရာ အလျင်းမရှိတော့ ဟူလို။

**ဒုတိယ အမေးဂါထာ**

**၉။ ယ'မာဟု ဓမ္မံ ပရမန္တိ ဧကေ၊**
**တမေဝ ဟီနန္တိ ပနာ'ဟု အညေ။**
**သစ္စော နု ဝါဒေါ ကတမော ဣမေသံ၊**

သဗ္ဗေဝ ဟီမေ ကုသလာဝဒါနာ။

မြန်မာပြန်။ ။ဂေါတမနွယ်ဘွား မြတ်စွာဘုရား.....အချို့သောပုဂ္ဂိုလ်တို့က မြင့်မြတ်သည်ဟု ယူဆထားသော ဝါဒကိုပင်လျှင် တပါးသောပုဂ္ဂိုလ်တို့က ယုတ်ညံ့သောဝါဒဟု ဆိုကြပြန်၏။ ဤပုဂ္ဂိုလ်တို့၏ အဘယ်စကားသည် မှန်သောစကား ဖြစ်ပါသနည်း။ ဤလောက၌ အလုံးစုံသော ဤပုဂ္ဂိုလ်တို့သည် လိမ္မာကျွမ်းကျင် ပညာရှင်ဟူ၍ ဝန်ခံပြောဆိုနိုင်သူချည်း ဖြစ်ပါကုန်သလော။

အဖြေဂါထာ

၁၀။ သကဉှိ ဓမ္မံ ပရိပုဏ္ဏ’မာဟု၊
အညဿ ဓမ္မံ ပန ဟီန’မာဟု။
ဧဝမ္ပိ ဝိဂ္ဂယှ ဝိဝါဒယန္တိ၊
သကံ သကံ သမ္မုတိ’မာဟု သစ္စံ။

မြန်မာပြန်။ ။နိမ္မိတရုပ်ပွား မြတ်စွာဘုရား......အကြင် ပုဂ္ဂိုလ်တို့သည် "မိမိ၏ ဘာသာတရားကိုသာလျှင် ပြည့်စုံကောင်းမြတ်၏။ အခြားသော ဘာသာတရားကိုမူကား ယုတ်ညံ့၏"ဟူ၍ ပြောဆိုကြကုန်၏။ ထိုဘာသာရေး ဆရာတို့သည် ဤသို့ပြောဆိုခြင်းဖြင့်လည်း မိမိတို့အယူဝါဒကို မြဲမြဲမံမံ တယူသန်ယူကုန်လျက် ငြင်းခုံကြကုန်၏။ မိမိဥစ္စာဖြစ်သော အမှန်ဟု သမုတ်ထားအပ်သော အယူဝါဒကို မဖေါက်မပြန် မှန်သောအယူဝါဒဟူ၍ ပြောဆိုကြကုန်၏။

အဓိပ္ပါယ်။ ။မိမိအယူသာမှန်ပြီး အခြားအယူမှန်သမျှ အမှားဟု ပြင်းထန်စွာယူဆထားခြင်းသည် ဣဒံသစ္စ-ဘိနိဝေသ-ကာယဂန္ထ ခေါ်သော အပါယ်လားကြောင်း မကောင်းသောတရားဖြစ်၏။

အဖြေဂါထာ

၁၁။ ပရဿ စေ ဝမ္ဘယိတေန ဟီနော၊
န ကောစိ ဓမ္မေသု ဝိသေသိ အဿ။
ပုထူ ဟိ အညဿ ဝဒန္တိ ဓမ္မံ၊
နိဟီနတော သမှိ ဒဠှံဝဒါနာ။

မြန်မာပြန်။ ။သူတပါး၏ ကဲ့ရဲ့ရှုတ်ချခြင်းကြောင့် ယုတ်နိမ့်သောဝါဒဖြစ်ခဲ့လျှင် အယူဝါဒတို့တွင် မည်သည့် အယူဝါဒမျှ ထူးမြတ်သောအယူဝါဒ မရှိလေတော့ရာ။ အဘယ့်ကြောင့်ဆိုသော် အယူဝါဒရှိကြသည့် များစွာသော သူတို့သည် တပါးသောသူ၏ဝါဒကို ယုတ်နိမ့်အောက်ကျသောအားဖြင့် ကဲ့ရဲ့ကြကုန်ပြီးလျှင် မိမိတို့အယူဝါဒ ကိုသာ မြဲမြံတည်တံ့သော ဝါဒဟူ၍ ချီးမြှောက်ပြောဆိုလေ့ ရှိကြသောကြောင့်ပင်တည်း။

အဖြေဂါထာ

၁၂။ သဒ္ဓမ္မပူဇာပိ နေသံ တထေဝ၊
ယထာ ပသံသန္တိ သကာယနာနိ။
သဗ္ဗေဝ ဝါဒါ တထိယာ ဘဝေယျုံ၊
သုဒ္ဓီ ဟိ နေသံ ပစ္စတ္တမေဝ။

**မြန်မာပြန်။ ။တိတ္ထိတို့သည် အကြင်သို့သော အခြင်းအရာအားဖြင့် မိမိတို့၏တည်ရာ အယူဝါဒတို့ကို ချီးမွမ်းကြကုန်၏။ ထိုချီးမွမ်းတိုင်းသော အခြင်းအရာအားဖြင့် ထိုတိတ္ထိတို့၏ သဒ္ဓမ္မဟုဆိုအပ်သော မိမိတို့၏ အယူဝါဒတို့ကို ပူဇော်ခြင်းသည်လည်း မချွတ်မယွင်း မှန်ကန်သောပူဇော်ခြင်းသည်သာ အကယ်၍ ဖြစ်ငြားအံ့။ ထိုသို့ဖြစ်ခဲ့သော် အလုံးစုံသော အယူဝါဒတို့သည် မချွတ်မယွင်း မှန်ကန်သောဝါဒတို့ ဖြစ်ကုန်ရာ၏။ အဘယ့်ကြောင့်ဆိုသော် ဘာသာရေးပုဂ္ဂိုလ်တို့၏ သံသရာဝဋ်မှ လွတ်မြောက်စင်ကြယ်မှုသည် အသီးအသီးသော မိမိတို့သန္တာန်၌ဖြစ်သည်ဟု ယုံကြည်ထားကြသောကြောင့် ပေတည်း။**

အဓိပ္ပါယ်။ ။ မိမိတို့ဝါဒကို အလေးအမြတ်ထားကာ ပူဇော်တိုင်းသာ မှန်ကြမည်ဆိုလျှင် ဘာသာတိုင်း အမှန်ချည်းသာ ဖြစ်လေရာ၏။ အကြောင်းမှာ တိတ္ထိတို့၏ အယူဝါဒတိုင်း၌ ဝဋ်ဆင်းရဲမှ လွတ်မြောက်စင်ကြယ်မှု အသီးသီး ရှိကြသောကြောင့်ပင်တည်း။

**အဖြေဂါထာ**

**၁၃။ န ဗြာဟ္မဏဿ ပရနေယျ'မတ္ထိ၊**
**ဓမ္မေသု နိစ္ဆေယျ သမုဂ္ဂဟီတံ။**
**တသ္မာ ဝိဝါဒါနိ ဥပါတိဝတ္တော၊**
**န ဟိ သေဋ္ဌတော ပဿတိ ဓမ္မ'မညံ။**

**မြန်မာပြန်။ ။မကောင်းမှုကို ပယ်ထုတ်အပ်ပြီးသော ရဟန္တာအား သင်္ခါရတရားတို့၏ အနိစ္စအစရှိသော အခြင်းအရာကို သိစေအပ်သည် မရှိ။ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိအယူတို့၌ စူးစမ်းဆင်ခြင် သက်ဝင်ဆုံးဖြတ်၍ စွဲယူခြင်းလည်း မရှိတော့။ ထို့ကြောင့် ထိုရဟန္တာပုဂ္ဂိုလ်သည် အယူဝါဒကိုစွဲ၍ဖြစ်သော ငြင်းခုံခြင်းတို့ကို လွန်မြောက်ကင်းရှင်းသွားတော့၏။ မြတ်စွာဘုရား၏ ၃၇-ပါးသော ဗောဓိပက္ခိယတရားမှ တပါးသော တရားတို့ကို ဝဋ်မှထွက်ကြောင်း ကောင်းမြတ်သောအနေအားဖြင့် မရှုမြင် မမှတ်ထင်တော့။**

**ဗြာဟ္မဏဟူသည်။** ။သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရာမာသ၊ ရာဂ၊ ဒေါသ၊ မောဟ၊ မာန ဟူသော တရား(၇)ပါးကို ပယ်ထားပြီးသော ရဟန္တာပုဂ္ဂိုလ်သည် ဗြာဟ္မဏမည်၏။

**ပရနေယျ ပုဂ္ဂိုလ်မဟုတ်။** ။ထိုရဟန္တာပုဂ္ဂိုလ်သည် သင်္ခါရတရားတို့၏ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောကို ကိုယ်တိုင်သိမြင်ပြီးဖြစ်၏။ သူတပါးဟောပြောချက်ကို ယုံကြည်ကာမျှဖြင့် သင်္ခါရတို့၏ အနိစ္စစသည့်သဘောကို လက်ခံနေသူမဟုတ်။

**အဖြေဂါထာ**

**၁၄။ ဇာနာမိ ပဿာမိ တထေဝ ဧတံ၊**
**ဒိဋ္ဌိယာ ဧကေ ပစ္စေန္တိ သုဒ္ဓိံ။**
**အဒ္ဒက္ခိ စေ ကိဉ္ဟိ တုမဿ တေန၊**
**အတိသိတွာ အညေန ဝဒန္တိ သုဒ္ဓိံ။**

**မြန်မာပြန်။ ။ဆိုခဲ့ပြီးသော ဗြာဟ္မဏမှတပါးကုန်သော မိစ္ဆာဒိဋ္ဌိ အယူရှိသော အဘိညာဏ်ရ ရသေ့ပရိုဗိုဇ်တို့သည်ကား ပရစိတ္တဝိဇာနန အဘိညာဉ်, ပုဗ္ဗေနိဝါသာနဿတိ အဘိညာဉ်တို့ဖြင့် ငါကိုယ်တိုင် သိ၏။ မံသ**

**စက္ခု, ဒိဗ္ဗစက္ခုတို့ဖြင့် ငါကိုယ်တိုင်မြင်၏။ "ဤလောကသည် မြဲ၏"စသော အယူသည် ငါသိမြင်ထားသည့်အတိုင်း မှန်ကန်သည်သာတည်း-ဟု ပြောဆိုကြပါကုန်သော်လည်း ဘဝသံသရာမှ လွတ်မြောက်စင်ကြယ်ခြင်းကို အယူမှား ဖြင့် သက်ဝင်ယုံကြည်ကြကုန်၏။**

**အဘယ့်ကြောင့်ဆိုသော် ထိုအဘိညာဉ်ရ ပုဂ္ဂိုလ်တို့တွင် တစ်ယောက်ယောက်သည် မဖေါက်မပြန် အမှန်သဘောကို ပရစိတ္တဝိဇာနန အဘိညာဉ်, ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်, ဒိဗ္ဗစက္ခုအဘိညာဉ်တို့ဖြင့် အကယ်၍ပင် မြင်စေဦးတော့။ ထိုပုဂ္ဂိုလ်သည် ထိုအမြင်ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်း, သမုဒယသစ္စာကို ပယ်ခြင်း, မဂ္ဂသစ္စာကို ပွားများခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းတို့တွင် အဘယ်မည်သော အမှုကိစ္စကို ပြုလုပ်အပ် ပြီးစေအပ်သနည်း။ မည်သည့်ကိစ္စကိုမျှ မပြီးစေအပ်ပေ။ ထိုအယူမှားနေသော အဘိညာဉ်ရ ပုဂ္ဂိုလ် တို့သည် အရိယာမဂ်ကို ကျော်လွန်၍ (ဝါ) သတိပဋ္ဌာန်စသော လမ်းမှန်အကျင့်တရားများကို ကျော်လွန်၍ အခြား သော လမ်းလွဲလမ်းမှားဖြင့် ဘဝသံသရာမှ လွတ်မြောက်စင်ကြယ်ခြင်းကို ပြောဆိုကြသောကြောင့် ပင်တည်း။**

**သူတို့ သိမြင်တာက မှားနေပုံ။** ။လောကီအဘိညာဉ်ရသော ရသေ့ပရိဗိုဇ်တို့သည် ပရစိတ္တဝိဇာနန အဘိညာဉ်ဖြင့် သူတပါးစိတ်ကို သိနိုင်၏။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဖြင့် ရှေးကမ္ဘာလေးဆယ်တိုင် အောင် သိနိုင်၏။ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် လူ့ဘုံ,နတ်ဘုံ,ငရဲဘုံကိုလည်း မြင်နိုင်၏။ ထိုသို့သိမြင်ရာ၌ "ရှေးက လည်း ငါ၊ အခုလည်း ငါ"ဟု ငါသည် အစဉ်တည်ရှိနေ၏ဟူသော သဿတဒိဋ္ဌိလည်း ဖြစ်နိုင်၏။ တချို့ သက်တမ်းရှည်သော ဗြဟ္မာကြီးများ၏ သေသွားသည်ကို မတွေ့ရ၍လည်း သဿတဒိဋ္ဌိ ဖြစ်နိုင်၏။ တချို့ သတ္တဝါများ သေပြီးနောက် ထပ်ဖြစ်တာကို မတွေ့ရ၍ ဥစ္ဆေဒဒိဋ္ဌိလည်း ဖြစ်နိုင်၏။ ပကတိမျက်စိဖြင့် "ရှေးက လည်း ဒီလူ၊ အခုလည်း ဒီလူ၊ ဒီလူက မပျက်မစီး အမြဲ ရှိနေတာဘဲ"ဟု တသက်လုံး မပျက်မစီးတည်ရှိနေသော အတ္တကောင်အနေဖြင့် စွဲသည့် အတ္တဒိဋ္ဌိလည်း ဖြစ်နိုင်၏။

ဤသို့ အဘိညာဉ်အားကိုးဖြင့် ဘဝလွတ်မြောက်ရေးကို အမှားမှား အယွင်းယွင်း တွေးခေါ်ကြံဆ ယုံကြည်ကြတော့၏။

**အဘိညာဏ်လမ်းနှင့် သစ္စာလမ်း။** ။အဘိညာဉ် ၆ပါးလုံးပင် ရသော်လည်း ရုပ်နာမ်ကွဲလို့ အတ္တမစင်နိုင် သေး။ ထိုဉာဏ်များကြောင့် အတ္တဒိဋ္ဌိသည် ပို၍ပင် ခိုင်မြဲလာနိုင်သေး၏။ သတိပဋ္ဌာန်စသော ဗောဓိပက္ခိယ ၃၇-ပါး ကျင့်စဉ်သည်သာ ရုပ်နာမ်ကွဲကြောင်း၊ အတ္တပြုတ်ကြောင်း လမ်းမှန်လမ်းကောင်း ဖြစ်၏။

**အဖြေဂါထာ**

**၁၅။ ပဿံ နရော ဒက္ခတိ နာမရူပံ၊**
**ဒိသွာန ဝါ ဉဿတိ တာနိမေဝ။**
**ကာမံ ဗဟုံ ပဿတု အပ္ပကံ ဝါ၊**
**န ဟိ တေန သုဒ္ဓိံ ကုသလာ ဝဒန္တိ ။**

**မြန်မာပြန်။** ။**အဘိညာဉ်ဖြင့် သိမြင်သော တိတ္ထိသည် ရုပ်နာမ်တို့ကို ပရစိတ္တဝိဇာနနဉာဏ်, ပုဗ္ဗေနိဝါသာ-နုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်တို့ဖြင့် တွေ့မြင်သည်ရှိသော် "မြဲသော နိစ္စရုပ်နာမ်၊ ချမ်းသာသော သုခရုပ်နာမ်၊ မိမိအလိုသို့ လိုက်စေနိုင်သည့် အတ္တရုပ်နာမ် အဖြစ်ဖြင့်သာ ရှုမြင်ကြပေလိမ့်မည်။ မြင်ပြီးနောက် ထိုရှုမြင်သော ရုပ်နာမ်တို့ကိုပင် နိစ္စ, သုခ, အတ္တ အဖြစ်ဖြင့် သိလည်း သိလာပေလိမ့်မည်။ နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ ရုပ်နာမ်တို့ကို အကယ်၍ပင် မြင်စေဦးတော့၊ အဘိညာဉ်ဖြင့် ရုပ်နာမ်တို့ကို နိစ္စ,သုခ, အတ္တဟူသော အမြင်မျိုးကို**

**ခန္ဓာ,အာယတန စသည်တို့၌ လိမ္မာကျွမ်းကျင် ဘုရားစသော အရိယာသခင်တို့သည် ဘဝသံသရာမှ လွတ်မြောက် စင်ကြယ်ကြောင်းဟု ပောတော်မမူကြကုန်။**

**အဓိပ္ပါယ်။** ။အဘိညာဉ်ရသော ရသေ့ပရိဗိုဇ်တို့သည် အဘိညာဉ်ဖြင့် ရုပ်နာမ်တို့ကို ရှုမြင်သော်လည်း နိစ္စ,သုခ,အတ္တ အဖြစ်ဖြင့်သာ ရှုမြင်ပေလိမ့်မည်။ ပုဂ္ဂိုလ်,သတ္တဝါ,ယောကျ်ား,မိန်းမ အနေဖြင့်သာလျှင် ရှုပေလိမ့်မည်။ ရုပ်နာမ်တို့၏ ဖြစ်ပျက်သဘော၊ အနိစ္စ,ဒုက္ခ,အနတ္တ သဘောတရားများကို မသိမြင်နိုင်ချေ။ ထို့ကြောင့် ရုပ်နာမ်ဓမ္မတို့ကို အဘိညာဉ်အစွမ်းဖြင့် မြင်နိုင်စေကာမူ ထိုမြင်သည့် နိစ္စ,သုခ,အတ္တဟူသော ရှုမြင်မှုသည် ဝိပဿနာဉာဏ်အမြင် မဟုတ်။ ထိုအမြင်မျိုးဖြင့် ဘဝသံသရာမှ လွတ်မြောက်စင်ကြယ်ကြောင်းကို ဘုရားစသော အရိယာသူတော်ကောင်းတို့ ပောတော်မမူကုန် ဟူလို။

**၁၆။ နိဝိဿဝါဒီ န ဟိ သုဒ္ဓိနာယော၊**
**ပကပ္ပိတံ ဒိဋ္ဌိ ပုရက္ခရာနော။**
**ယံ နိဿိတော တတ္ထ သုဘံ ဝဒါနော၊**
**သုဒ္ဓိံ ဝဒေါ တတ္ထ တထ'ဒ္ဒသာ သော။**

**မြန်မာပြန်။ ။အဘိညာဉ်ဖြင့် သိမြင်မှုကိုစွဲ၍ ငါ့အယူသာမှန်၏ဟု ယုံကြည်၍ ရပ်တည်ကာ ပြောဆိုလေ့ရှိသော ရသေ့ပရိဗိုဇ်သည် ဆုံးမသွန်သင် ပြုပြင်ပေးရန် မလွယ်ကူ။ မိမိတွေးခေါ်ကြံဆ စွဲမှတ်ထားသော အယူများကို တံခွန်မှန်ကင်းအလား ရှေ့သွားပြုနေ၏။ အားကိုးအမှီပြုထားသော မိမိအယူ မိမိဆရာ၌ တင့်တယ်ကောင်းမြတ်သည်ဟု ချီးကျူးပြောဆိုတတ်၏။ ဘဝသံသရာမှ လွတ်မြောက်စင်ကြယ်သည်၏ အဖြစ်ကိုလည်း ပြောဆိုတတ်၏။ (ဝါ) မိမိကိုယ်ကို စင်ကြယ်သောအယူဝါဒရှိသူဟု ထင်မှတ်တတ်၏။ ထိုအဘိညာဉ်ရ ရသေ့ပရိဗိုဇ်သည် မိမိမှီအပ်သော ထိုအယူဝါဒ၌ မဖေါက်မပြန် မှန်သည်ဟုသာ ရှုမြင်တတ်၏။**

**မြင့်လေ့ ခက်လေ။** ။အယူများသူကို ပြင်ရာတွင် မိရိုးဖလာအားဖြင့် မသိသူ ဗလာအဖြူထည်သမားကို မှန်အောင်ပြင်ရတာ လွယ်ကူသော်လည်း ဈာန်အဘိညာဉ်ရ၍ ဂုဏ်ထူးဝိသေသ အမြင်ကြူးသူများကို အမှန်ရောက်အောင် ပြင်ရာ၌ ခဲယဉ်း၏။ မိမိကြံဆအပ်သော အယူဝါဒကို ပြိုင်ဘက်ကင်းအောင် မာနတံခွန် ထူတတ်၏။ မိမိအကျင့်၌သာ အကြောင်းယုတ္တိမျိုးစုံပြ၍ ရှေ့နောက်ညီညာအောင် ဖွေရှာပောပြောတတ်၏။ မိမိအယူအကျင့်၌သာ သံသရာမှ လွတ်မြောက်စင်ကြယ်ခြင်းဂုဏ်ကို ပြောဆိုတတ်၏။ မိမိအယူဝါဒ၌ မှားယွင်းသော အခြင်းအရာ လက္ခဏာများကို ရှုကြည့်ဆင်ခြင်ခြင်းငှာ အလိုမရှိ။

**သာသနာတွင်းသား သာတိရဟန်း၏အမှား။** ။သာတိရဟန်းသည် ဇာတ်တော်များလေ့လာသောအခါ "မဟာဇနကမင်းက ဘုရားဖြစ်လာ၏။ ဝေဿန္တရာမင်းက ဘုရားဖြစ်လာ၏" စသည်ဖြင့် တွေ့သောအခါ "ရုပ်ခန္ဓာသေခဲ့သော်လည်း စိတ်ဝိညာဏ်ကလေးမှာ မသေဘဲ ဘဝပြောင်းပြီး ကျင်လည်နေ၏"ဟု ဆုံးဖြတ်လိုက်၏။ ဤသည်ကို အခြားရဟန်းများက ရှင်းပြသော်လည်း သဘောမပေါက်သဖြင့် ဘုရားထံလျှောက်ထားကြ၏။ ဘုရားက "စိတ်ဝိညာဏ်ဆိုတာဘာလဲ"ဟု ဘုရားက မေးသောအခါ "စိတ်ဝိညာဏ်မှာ ပြောဆိုတတ်,ခံစားတတ်သော အတ္တရှိပါသည်ဘုရား။ ကောင်းမှုကံ, မကောင်းမှုကံ၏ ကောင်းကျိုးဆိုးပြစ်ကို ခံစားတတ်ပါတယ်ဘုရား။ အဲဒီ အတ္တကို ဝိညာဏ်လို့ ယူဆပါတယ်ဘုရား"ဟု လျှောက်လေ၏။ ဘုရားက ရှင်းပြပါသော်လည်း သူ့အယူများကို မစွန့်နိုင်သဖြင့် မဂ်၏အန္တရာယ်ဖြစ်ကာ မဂ်ဖိုလ်မရ ဖြစ်သွားလေ၏။ (မဟာတဏှာသင်္ခယသုတ်၊ မူလပဏ္ဏာသ။)

**အဖြေဂါထာ**

**၁၇။ န ပြာဟ္မဏော ကပ္ပ'မုပေတိ သင်္ခါ၊**

**န ဒိဋ္ဌိသာရီ နပိ ဉာဏဗန္ဓု။**

**ဉတွာ စ သော သမ္မုတိယော ပုထုဇ္ဇာ၊**

**ဉပေက္ခတိ ဉဂ္ဂဟာဏန္တိ မညေ။**

**မြန်မာပြန်။ ။မကောင်းမှုကို အပပြုအပ်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကို အနိစ္စ အစရှိသော အားဖြင့် ဉာဏ်ဖြင့်ထင်ထင် သိမြင်ခြင်းကြောင့် ရုပ်နာမ်ခန္ဓာတို့ကို ငါ,ငါ့ဉစ္စာဟူ၍ တဏှာဒိဋ္ဌိတို့ဖြင့် ကြံစည် စိတ်ကူးခြင်းသို့ မကပ်ရောက်တော့ပေ။ ၆၂-ပါးသော အယူမှား အမြင်မှားနောက်သို့ တကောက်ကောက် မလိုက် တော့။ (ဝါ) မိစ္ဆာအယူမှားကို အနုစ်သာရအားဖြင့် သက်ဝင်ယုံကြည်တော့မည် မဟုတ်။ သမာပတ္တိဉာဏ် အဘိညာဉ်ဉာဏ်ဖြင့် ဖွဲ့စပ်အပ်သော တဏှာဒိဋ္ဌိတည်းဟူသော အဆွေအမျိုး ရှိတော့မည်လည်း မဟုတ်။**

**အမှန်အားဖြင့်သော်ကား ရဟန္တာပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကို အနိစ္စ အစရှိသောအားဖြင့် သိခြင်း ကြောင့် ပုထုဇဉ်တို့၌သာ ဖြစ်တတ်ကုန်သော (ဝါ) များစွာသော တိတ္ထိတို့သည် ဖြစ်စေအပ်ကုန်သော ဘဝ သံသရာမှ လွတ်မြောက်ကြောင်းဟူ၍ သမုတ်အပ်ကုန်သော ၆၂-ပါးသော အယူမှားတို့ကို လျစ်လျူရှုကုန်၏။ ရဟန္တာမှတပါးသော ပုထုဇဉ်တို့သည် (ဝါ) တိတ္ထိတို့သည် ၆၂-ပါးသော အယူမှားတို့ကို စွဲမြဲစွာ ယူကြကုန်၏။**

**ဉာဏ်ဖြင့်လည်း မိတ်မဖွဲ့တော့ ဟူသည်။** ။လောကီသမာပတ် ၈-ပါး၊ အဘိညာဏ်ငါးပါးတို့ဖြင့် မိတ်ဖွဲ့ခြင်း မရှိ တော့သည်ကို ဆိုလိုပေသည်။ မိတ်ဖွဲ့ပုံမှာ အဘိညာဉ်ဖြင့် သိမြင်မှုကိုစွဲ၍ "မဟာပြဟ္မာသည် ထာဝရတည်၏။ သတ္တဝါဟူသည်လည်း အကြောင်းကင်းလျက် ဖြစ်၏" စသည်ဖြင့် ထင်မြင်တတ်သော တဏှာဒိဋ္ဌိတို့ကို ဆွေမျိုး ရင်းချာ ပမာထား၍ ခိုင်မြဲစွာ ဖွဲ့ထားတတ်၏။ ထူးခြားစွာသိနိုင်သည့် အဘိညာဉ်ကိုမှီ၍ သာလည်း သာယာ တတ်၏။ သဿတ,ဉစ္ဆေဒ စသော အမှားကိုလည်း ယူတတ်၏။ ဤသို့ဖြစ်ခြင်းသည် ဉာဏ်ဖြင့် တဏှာဒိဋ္ဌိ တို့ကို မိတ်ဖွဲ့ထားခြင်းပင် ဖြစ်၏။ ရဟန္တာ၌ ဤကဲ့သို့ မိတ်ဖွဲ့ထားခြင်း မရှိတော့။

**ခွဲသူနှင့် တွဲသူ။** ။ရဟန္တာများမှာကား သင်္ခါရတရားတို့ကို ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာဖြင့် ပိုင်းခြားသိမြင်ပြီးဖြစ်၍ သမ္မုတိပညတ်မျှဖြစ်သော အယူဝါဒကို အရေးမယူ လျစ်လျူရှုကာ ခွဲခွါထားရစ်ခဲ့၏။ အမှန်မှာ သောတာပန်မဖြစ်မီအချိန်ထိ အယူမှားများ ရှိနိုင်၏။ သောတာပန်ဖြစ်သည်မှစ၍ အယူမှားများကို ထားခဲ့တော့၏။ အရိယာမှတပါး အန္ဓပုထုဇဉ်များမှာကား ထိုအယူမှားများကို အခိုင်အမြဲ စွဲလျက် တွဲနေကြသေး ၏။

**အဖြေဂါထာ**

**၁၈။ ဝိသဇ္ဇ ဂန္ထာနိ မုနီဓ လောကေ၊**

**ဝိဝါဒဇာတေသု န ဝဂ္ဂသာရီ။**

**သန္တော အသန္တေသု ဉပေက္ခကော သော၊**

**အနုဂ္ဂဟော ဉဂ္ဂဟာဏန္တိ မညေ။**

**မြန်မာပြန်။ ။ဤလောက၌ ငါဘုရား၏ တပည့်သား ရဟန္တာသည် အဘိဇ္ဈာ, ဗျာပါဒ, သီလဗ္ဗတပရာမာသ, ဣဒံသစ္စာဘိနိဝေသ တည်းဟူသော အထုံးအဖွဲ့တို့ကို မဂ်ဉာဏ်တည်းဟူသောလက်ဖြင့် ဖြုတ်ဖြေပယ်စွန့်၍ အယူဝါဒကို စွဲ၍ဖြစ်သော ငြင်းခုံခြင်းရှိသော လူတို့သို့ အယူကွဲသောအားဖြင့် သူတို့ထဲ၌ မပါဝင်တော့ပေ။**

**ထိုရဟန္တာသည် ရာဂ,ဒေါသ စသော ၁၁-ပါးသောမီး ငြိမ်းပြီးသည်ဖြစ်၍ မငြိမ်းသေးသော မီး ၁၁-ပါး ရှိသော သူတို့၌ ရန်ဘက်မပြု လျစ်လျူရှု၏။ မိမိ၏ အပူငြိမ်းကြောင်း အကျင့်ကို တဏှာဒိဋ္ဌိတို့ဖြင့် သုံးသပ်စွဲကိုင် ချီးမွမ်း ပြောဆိုခြင်း မရှိ။ တပါးသော တိတ္ထိတို့သည်ကား မိမိတို့အယူအကျင့်ကို တဏှာဒိဋ္ဌိတို့ဖြင့် သုံးသပ်ကိုင်စွဲ ချီးပဲ့ ပြောဆိုကြကုန်၏။**

**အထုံးအဖွဲ့ ဂန္ထလေးပါး**

၁။အဘိဇ္ဈာ ကာယဂန္ထ=မိမိအယူဝါဒ၌ ပြင်းစွာတပ်မက်ခြင်းဟူသော လောဘ အထုံးအဖွဲ့၊

၂။ဗျာပါဒ ကာယဂန္ထ=သူတပါး၏အယူဝါဒ၌ မနှစ်သက်ခြင်း အမျက်ထွက်ခြင်း ဒေါသဟူသော အထုံးအဖွဲ့၊

၃။သီလဗ္ဗတပရာမာသ ကာယဂန္ထ=မိမိ၏ သီလအကျင့်ဖြင့် ဘဝသံသရာမှ လွတ်မြောက်စင်ကြယ်နိုင်၏။ ထာဝရနတ်,ဗြဟ္မာ အဖြစ်သို့ရောက်နိုင်၏ဟု မှားသောအားဖြင့် သုံးသပ်ခြင်း ဒိဋ္ဌိဟူသော အထုံးအဖွဲ့၊

[သီလဗ္ဗတ=အလေ့အကျင့်ဆိုးကိုပင်။ ပရာမာသ=အမှန်ဟု မှားမှားယွင်းယွင်း သုံးသပ် ထင်မှတ်ခြင်း]

၄။ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ=ငါ့အယူသာ မှန်၏, သူတပါးအယူကား မှား၏ ဟူ၍ မိမိအယူ၌ သက်ဝင် ဆုံးဖြတ် ရပ်တည်ခြင်း ဒိဋ္ဌိဟူသော အထုံးအဖွဲ့။

[ဣဒမေဝ=ဤငါ့အယူသာလျှင်၊ သစ္စံ=အမှန်တည်း၊ ဣတိ=ဤသို့၊ အဘိနိဝေသော- လွန်လွန်ကဲကဲ စွဲမြဲစွာ သက်ဝင်ခြင်း]

**ကာယဂန္ထ၌ 'ကာယ' ဟူသည်။** ။ဤလောဘ,ဒေါသ,ဒိဋ္ဌိ တရားတို့က သတ္တဝါများ သံသရာဝဋ်က မလွတ် ရလေအောင် ပစ္စုပ္ပန်ကာယ အပြတ်တွင် အနာဂတ်ကာယနှင့် ဆက်စပ်မိအောင် (ဝါ)ကာယ တစ်ခုနှင့်တစ်ခု သံကွင်းဆက်သကဲ့သို့ မလွတ်အောင် ဖွဲ့နှောင်တတ်သောကြောင့် ကာယဂန္ထ ဟုခေါ်၏။

**[အဘိဇ္ဈာနှင့် ဗျာပါဒ။** ။အဘိဇ္ဈာသည် အခြားနေရာများ၌ သူတပါးစည်းစိမ်ကို မတရားလိုချင်သော လောဘအကြမ်းစားတည်း။ ဤ၌ကား မိမိဥစ္စာဖြစ်စေ၊ သူတပါးဥစ္စာဖြစ်စေ၊ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ နှစ်သက်ဖွယ်အာရုံမှန်သမျှ လိုချင်မှုလောဘကို "အဘိဇ္ဈာ ကာယဂန္ထ"ဟု ခေါ်၏။ ဗျာပါဒသည်လည်း အခြားနေရာများ၌ သူတပါးသေကြေပျက်စီးမှုကို လိုလားသော ဒေါသအကြမ်းစား ကို ခေါ်၏။ ဤနေရာ၌ကား ဒေါသဟူသမျှ "ဗျာပါဒကာယဂန္ထ"ဟု ခေါ်၏။]

**န ဝဂ္ဂသာရီ=ဒိဋ္ဌိနောက်သို့ မလိုက်တော့။** ။သောတာပန်ဖြစ်သည်မှစ၍ ဒိဋ္ဌိအယူမှန်သမျှ အမြစ်ပြတ်ပယ်ပြီး ဖြစ်သဖြင့် ဝါဒရေးရာအရ အချင်းချင်းငြင်းခုံနေကြသော လူအများတွင် မပါဝင်တော့ပေ။ ထိုအသင်းအပင်းများမှ ကင်းရှင်းသွားပြီ ဟူလို။

**ဥပေက္ခာသာ ရှုနေတော့၏။** ။မိမိကိုယ်တိုင်က ကိလေသာငြိမ်းပြီးဖြစ်သဖြင့် အယူများကိုစွဲလျက် ကိလေသာမငြိမ်းသေးသူတို့ကို ကဲ့ရဲ့သမှု ရန်ဘက်မပြုဘဲ လျစ်လျူရှုနိုင်၏။ အာရုံငါးပါးနှင့် ပတ်သက်၍လည်း "မျက်စိဖြင့် ရူပါရုံကို မြင်သောအခါ ဝမ်းသာမှုလည်းမဖြစ်၊ နှလုံးမသာယာမှုလည်း မဖြစ်၊ သတိ,သမ္ပဇဉ်ဖြင့် ဆင်ခြင်၍သာ လျစ်လျူရှုနေတော့၏"ဟု ဟောထားသော ဆဠင်္ဂုပေက္ခာအရ အညီအမျှ လျစ်လျူရှုနေတော့၏။

**အဖြေဂါထာ**

**၁၉။ ပုဗ္ဗာသဝေ ဟိတွာ နဝေ အကုဗ္ဗံ၊**
**န ဆန္ဒဂူ နောပိ နိဝိဿဝါဒီ။**
**သ ဝိပ္ပမုတ္တော ဒိဋ္ဌိဂတေဟိ ဓီရော၊**
**န လိမ္ပတိ လောကေ အနတ္တဂရဟီ။**

**မြန်မာပြန်။ ။ထိုရဟန္တာသည် ရှေးအတိတ်ခန္ဓာကိုစွဲ၍ဖြစ်သော ကိလေသာအာသဝေါ တရားတို့ကို ပယ်စွန့်ပြီး အသစ်ဖြစ်ဆဲ ခန္ဓာတို့ကိုစွဲ၍ဖြစ်သော ကိလေသာအာသဝေါတို့ကိုလည်း မပြုလုပ်တော့။ ချစ်ချင်းတဏှာကြောင့် ဆန္ဒာဂတိသို့လည်း မလိုက်တော့။ မိစ္ဆာအယူဝါဒ ဟူသမျှ၌ သက်ဝင်စွဲယူ၍ ပြောဆိုနေခြင်းလည်း မရှိတော့။ ထိုပညာရှိရဟန္တာသည် မိစ္ဆာအယူ မှန်သမျှတို့မှ ကင်းရှင်းလွတ်မြောက်ပြီး ဖြစ်၏။ လောကသုံးပါး၌ လိမ်းကျံကပ်ငြိခြင်းလည်း မရှိ။ မိမိကိုယ်ကို ကဲ့ရဲ့ခြင်းလည်း မရှိ။**

**အတိတ်လည်း စွန့်, အသစ်လည်း မဖြစ်တော့။** ။ရှေးကာလက မြင်တွေ့ကြားသိခဲ့သော ရုပ်နာမ်အာရုံများကို ပြန်လည်ဆင်ခြင်၍ ဖြစ်တတ်သော ကိလေသာအာသဝေါများကိုလည်း ပယ်စွန့်ပြီးဖြစ်၏။ ပစ္စုပ္ပန် ရုပ်နာမ်အာရုံများကို အာရုံပြု၍လည်း ကိလေသာအာသဝေါ မဖြစ်တော့။

**ဂတိလေးပါးမှ လွတ်။** ။ချစ်ခင်အကျွမ်းဝင်သူတို့အပေါ်၌ တဏှာဆန္ဒဖြင့် အဂတိ မလိုက်တော့။ မုန်းသူတို့အပေါ်၌ ရန်ငြိုးဒေါသဖြင့် အဂတိမလိုက်တော့။ ချစ်သူမုန်းသူ မခွဲဘဲ မသိမှုမောဟဖြင့် အဂတိမလိုက်တော့။ တန်ခိုး အာဏာကြီးသူတို့အပေါ်၌ ကြောက်ရွံ့ထိပ်လန့်မှု ဘယာစိတ္တုပ္ပါဒ်ဖြင့် အဂတိမလိုက်တော့။

**လိမ်းကျံကပ်ငြိမှု မရှိတော့။** ။တဏှာ,ဒိဋ္ဌိတည်းဟူသော ကော်ရေအစေးတို့ ခန်းခြောက်ပြီးဖြစ်၍ သတ္တလောက, သင်္ခါရလောက, ဩကာသလောက ဟူသော လောကသုံးပါး၌ ကပ်ငြိမှုမရှိတော့။ မည်သည့် ခန္ဓာ, အာယတနတို့၌မျှ ကပ်ငြိတွယ်တာမှု မရှိတော့။

**မိမိကိုယ်ကို ကဲ့ရဲ့ခြင်းလည်း မရှိ။** ။ပုထုဇဉ်များ၌ မပြုလုပ်သင့်သည်များကို ပြုလုပ်မိ၍ နောင်တ တဖန်ပူပြီး "လုပ်မိတာ မှားလေစွ"ဟု မိမိကိုယ်ကို အပြစ်တင်တတ်၏။ လုပ်သင့်လုပ်ထိုက်သည့် ကုသိုလ်ကောင်းမှုအလုပ်များ မလုပ်မိခဲ့၍လည်း အချိန်လွန်သောအခါ နောင်တပူပန်ရပြီး မိမိကိုယ် အပြစ်တင်တတ်၏။ ရဟန္တာများ၌ ထိုကဲ့သို့ နောင်တပူပန်ကာ မိမိကိုယ်ကို အပြစ်တင်စရာ မရှိတော့။ ပြုလုပ်ကျင့်ကြံသင့်သည့် အလုပ်များကို အားလုံးပြီးအောင် လုပ်ပြီးဖြစ်ပေသည်။

**အဖြေဂါထာ**

**၂၀။ သ သဗ္ဗဓမ္မေသု ဝိသေနိဘူတော၊**
**ယံ ကိဉ္စိ ဒိဋ္ဌံ ဝ သုတံ မုတံ ဝါ။**
**သ ပန္နဘာရော မုနိ ဝိပ္ပမုတ္တော၊**
**န ကပ္ပိယော နူပရတော န ပတ္ထိယော'တိ။**

**မြန်မာပြန်။ ။ထိုရဟန္တာပုဂ္ဂိုလ်သည် ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ ဟူသော အလုံးစုံသော အယူဝါဒတို့ကြောင့် (ဝါ) မြင်,ကြား,နံ,စား,ထိ,သိရသော တရားအားလုံးတို့၌ ကိလေသာတည်းဟူသော မာရ်မင်းစစ်သည်**

**အပေါင်းမှ ကင်းလျက်နေတော့၏။ ထိုရဟန္တာပုဂ္ဂိုလ်သည် ဝန်ထုပ်ဝန်ပိုးမှန်သမျှကို ချထားပြီးဖြစ်၏။ ကိလေသာ အနှောင်အဖွဲ့မှလည်း လွတ်မြောက်ပြီးဖြစ်၏။ ဖေါက်ဖေါက်ပြန်ပြန် မမှန်မကန် ကြံစည်တတ်သော တဏှာဒိဋ္ဌိ လည်း မရှိတော့။ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့ကဲ့သို့ ရှောင်ကြဉ်ဘွယ်တို့မှ ရှောင်ကြဉ်ရခြင်းလဲ မရှိတော့။ မည်သည့်ဘုံဘဝကိုမျှ လိုလားတောင့်တတတ်သော တဏှာလည်း မရှိတော့။**

**ထာဝရငြိမ်းသောစစ်။** ။ရဟန္တာပုဂ္ဂိုလ်သည် ၆၂-ပါးသော အယူဝါဒတည်းဟူသော စစ်မြေတလင်း၌ စစ်ခင်း စရာ ကိလေသာရန်သူဟူ၍ မြူမျှမရှိတော့သဖြင့် ထာဝရစစ်ငြိမ်းပြီး အောင်ပွဲသဘင် ဝှဲချီးဆင်ယင်နေတော့၏။

**ဝန်ထုပ်သုံးထုပ်**

၁။ ကိလေသဘာရ=ရာဂ,ဒေါသ,မောဟ စသောကိလေသာအပေါင်းသည် ကိလေသာဝန်ထုပ်။
၂။ အဘိသင်္ခါရဘာရ=ကုသိုလ်ကံ, အကုသိုလ်ကံတည်းဟူသော ကံဝန်ထုပ်။
၃။ ခန္ဓဘာရ=ခန္ဓာငါးပါးတည်းဟူသော ခန္ဓဝန်ထုပ်။

**အထုပ်ချပြီးသူ။** ။ရဟန္တာပုဂ္ဂိုလ်၌ ဘဝသံသရာ ခရီးခဲ၌ အထက်ပါ အထုပ်သုံးထုပ်ကို ချီပိုးထမ်းရွက်လျက် ဆင်းရဲပင်ပန်းစွာ ကျင်လည်လာခဲ့ရာမှ အခုတော့ ထိုအထုပ်ကြီး သုံးထုပ်ကို အပြီးတိုင် ချလိုက်တော့၏။

**အညော်ရှောင်စရာ မလိုတော့။** ။ပုထုဇဉ်များ ကျင့်ဆဲသေက္ခပုဂ္ဂိုလ်များ၌ မိမိတို့ မရသေးသော တရားထူး များကို ရခြင်းငှာ ကိလေသာတည်းဟူသော အနာရောဂါ ပျောက်ကင်းစေရန်အတွက် အညော်တည်းဟူသော ဒုစရိုက် ဒုရာဇီဝ တရားများမှ ပုန်းရှောင်ရသေး၏။ ရဟန္တာမှာကား ကိလေသာရောဂါ မရှိတော့၍ ဒုစရိုက် ဒုရာဇီဝ အညော်ရှောင်စရာ မလိုတော့။

**မဟာဗျူဟသုတ္တံ နိဋ္ဌိတံ။**